**ဒွန်ပရာမုဒ်ဝီနိုင်း..  ကျွန်တော်တို့နိုင်ငံအရေးမှာ ဝင်မစွက်ဖက်ပါနဲ့**
**သင့်ကြောင့် .. ကျွန်တော်တို့နိုင်ငံမှာ အကြမ်းဖက်မှုတွေ ပိုပြီးမဆိုးရွားပါစေနဲ့**
(အိတ်ဖွင့်ပေးစာ)

ဇွန် ၁၈၊ ၂၀၂၃။

ထိုင်းနိုင်ငံ အိမ်စောင့်အစိုးရ နိုင်ငံခြားရေး ဝန်ကြီး ဒွန်ပရာမုဒ်ဝီနိုင်းက ၂၀၂၃ ခုနှစ် ဇွန်လ ၁၈ ရက် တနင်္ဂနွေနေ့တွင် ကျင်းပရန် စီစဉ်နေသည့် တရားမဝင် မြန်မာစစ်ကောင်စီ ပါဝင်သော လျှို့ဝှက်အစည်းအဝေးကို ကျွန်ုပ်တို့ မြန်မာနိုင်ငံ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များက ပြင်းထန်စွာ ရှုတ်ချပါသည်။ ထိုင်းနိုင်ငံ အိမ်စောင့်အစိုးရအနေဖြင့် အဆိုပါ အစည်းအဝေးအား ချက်ချင်းဖျက်သိမ်းပေးရန် ကျွန်ုပ်တို့ တောင်းဆိုသည်။

ယင်းသည် မြန်မာစစ်တပ်၏ တနိုင်ငံလုံးအပေါ် အကြမ်းဖက် စစ်ဆင်ရေးများ နှစ်ရှည်လများ  ဆင်နွှဲကာ အာဏာ ဆက်လက်ဆုပ်ကိုင်ရန် ကြိုးပမ်းနေမှုကို ဆန့်ကျင်တွန်းလှန်ရင်း အသက်စတေးခဲ့ကြရသည့် မြန်မာပြည်သူများအား လုံးလုံးလျားလျား စော်ကားလိုက်ခြင်းပင် ဖြစ်သည်။ စစ်ကောင်စီသည် မည်သည့်အခါကမှ မြန်မာနိုင်ငံ၏ တရားဝင်အစိုးရ မဟုတ်သလို နိုင်ငံ၏နယ်မြေများကို ထိထိရောက်ရောက် ချုပ်ကိုင် အုပ်ချုပ်နိုင်ခြင်းလည်း မရှိပေ။

ရာထူးမှ နှုတ်ထွက်တော့မှာ ဖြစ်သည့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ လျှို့ဝှက်လုပ်ဆောင်မှုသည် အဆင့်မြင့် အစည်းအဝေးများတွင် မြန်မာစစ်ကောင်စီအား ဖိတ်ကြားခြင်း မပြုသည့် အာဆီယံ၏ သဘောတူညီချက်နှင့် ပြောင်ပြောင်တင်းတင်းပင် ဆန့်ကျင်နေပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ဖိတ်ကြားစာတွင် နိုင်ငံခြားရေး ဝန်ကြီး ဒွန် ၏  “အာဆီယံနိုင်ငံများအနေနှင့် မြန်မာနိုင်ငံကို ခေါင်းဆောင်ပိုင်းအဆင့် အပြည့်အဝ ပြန်လည် ဆက်ဆံသင့်သည်” ဟု ဖော်ပြထားမှုအပေါ် ကျွန်ုပ်တို့ ပြင်းစွာဒေါသထွက်မိပါသည်။

အဆိုပါ ဆုံးဖြတ်ချက်မျိုးကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက မည်သည့်အခါကမှ သဘောတူခဲ့ခြင်း မရှိခဲ့သလို လက်ရှိအာဆီယံဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားအစိုးရကလည်း ဤအစည်းအဝေး ကျင်းပရန် စေ့ဆော်လုပ်ဆောင်ခဲ့ ခြင်းမရှိခဲ့ပါ။ ထိုင်းနိုင်ငံ အိမ်စောင့်အစိုးရသည် ဤအစည်းအဝေးအား ခေါ်ယူကျင်းပပိုင်ခွင့် မရှိဘဲ လုပ်ဆောင် နေခြင်းဖြစ်ပြီး၊ အာဆီယံသဘာပတိနှင့်လည်း ညှိနှိုင်းတိုင်ပင်ခြင်း မရှိဘဲ ဆောင်ရွက်နေခြင်း ဖြစ်သည်။ အာဆီယံ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံအနေဖြင့် အစုအဖွဲ့၏ သဘောတူညီချက်မှ သွေဖည်မသွားရန် လိုအပ်ပြီး၊ ဤအစည်းအဝေးအား ချက်ခြင်း ရပ်ဆိုင်းရမည် ဖြစ်သည်။

ထို့အပြင် ထိုင်းနိုင်ငံ အိမ်စောင့်အစိုးရ၏ တစ်ဖက်သတ် လုပ်ဆောင်မှုသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်နေ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ၂၆၆၉ ကို ထပ်မံဆန့်ကျင်နေသည်။

တရားမဝင် စစ်အာဏာရှင်များနှင့် "အပြည့်အဝ ပြန်လည်ထိတွေ့ဆက်ဆံရန်" ကြိုးပမ်းခြင်းသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား မြန်မာပြည်သူများ၏ ဆန္ဒဖြစ်သော စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေး နှင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးတို့နှင့် ဆန့်ကျင်ရာအရပ်၌ ရပ်တည်သွားစေမည် ဖြစ်သည်။ ဤလျှို့ဝှက်အစည်းအဝေးတွင် ပါဝင်ခြင်း နှင့် တရားမဝင် စစ်ကောင်စီနှင့် ဆက်ဆံရေးအားလုံး ဖြတ်တောက်ရန် ပျက်ကွက်ခြင်း တို့သည် နောက်ထပ်မအောင်မြင်သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ "ကနဦးခြေလှမ်း တစ်စိတ်တစ်ပိုင်းသာ" ဖြစ်ပေလိမ့်မည်။ ဤခြေလှမ်းသည် ကြီးလေးသော ရာဇဝတ်မှုများ အတွက် အရေးယူညွှန်ကြားချက်များ ရှိသော်လည်း အာဆီယံအနေနှင့် ဤအစည်းအဝေးအပေါ် အသိအမှတ်ပြုရာ ရောက်ကြောင်း စစ်အုပ်စုထံ အချက်ပေးခြင်း သက်သက်သာ ဖြစ်စေပါလိမ့်မည်။

ယင်းသည် စစ်အာဏာရှင်၏ ရာဇဝတ်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများကို လုပ်ဆောင်ရန်၊ ရွာများကို မီးရှို့ရန်၊ အရပ်သားပြည်သူများအား ၎င်းတို့၏ အိုးအိမ်နှင့် မြေယာများမှ နှင်ထုတ်ရန်၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လက်နက်အဖြစ် အသုံးချရန်နှင့် ပြည်သူ့ဆန္ဒကို ဆန့်ကျင်၍ ရက်စက်ကြမ်းကြုတ်သည့် အုပ်ချုပ်ရေးကို ပြဋ္ဌါန်းရန် ကြိုးစားနေမှုများအား ရဲဆေးတင် ဆက်လက်ကျူးလွန်စေရန် တွန်းပို့စေမည်ဖြစ်သည်။

Don Pramudwinai ၏ လျှို့ဝှက်လုပ်ဆောင်မှုကို ကျွန်ုပ်တို့ အပြင်းထန်ဆုံး ရှုတ်ချသည်။ ဤအစည်းအဝေးအား ချက်ချင်း ဖျက်သိမ်းပေးရန် ထိုင်းနိုင်ငံ အိမ်စောင့်အစိုးရအား ကျွန်ုပ်တို့ တောင်းဆိုသည်။

ဖိတ်ကြားခံထားရသည့် နိုင်ငံများအနေဖြင့် ဤအစည်းအဝေးအား မတက်ရောက်ရန် ကျနော်တို့ တောင်းဆိုသည်။ ဒီအစည်းအဝေးသည် ကျွန်ုပ်တို့နိုင်ငံအတွင်း အကြမ်းဖက်မှုများကို ပိုမိုကြီးထွားလာစေရန်မျှမက နိုင်ငံတွင်း ပိုမိုဆိုးရွားလာသည့် အကျပ်အတည်းကို ဖြေရှင်းရန် နိုင်ငံတကာ အသိုက်အဝန်း၏ စစ်မှန်သော ကြိုးပမ်းမှု များကိုပါ ပျက်ပြားစေမည် ဖြစ်သည်။

**ဆက်သွယ်မေးမြန်းရန်**

၁။ စောအဲလက် +48 728 027 952

၂။ ကိုရဲ  +66 816 490 228

**ဤအိတ်ဖွင့်ပေးစာကို အမည်မဖော်ပြလိုသော အဖွဲ့အစည်း ၂၃၅ အပါအဝင် အဖွဲ့အစည်းစုစုပေါင်း ၃၁၆ ဖွဲ့မှ လက်မှတ်ရေးထားပါသည်။**

1. Action Committee for Democracy Development ACDD
2. Ah. La. Ka (12) Hta Khwe. Primary Education Student Union

3. All Arakan Students and Youths Congress
4. All Religions Strike Column
5. Association of Human Rights Defenders and Promoters
6. Athan
7. Aung Myay Thar Zan Education Schools Strike Column
8. Aung Pin Lae Main Strike Column
9. AYN Ayeyarwady Youth Network
10. BCC စစ်ကိုင်းတိုင်း
11. Blood Money Campaign
12. Blooming Padauk
13. Burma Civil War Museum (BCM)
14. Burma Human Rights Network (BHRN)
15. Burma Support
16. CDM Support Team Mandalay (CSTM)
17. Chan Mya Thar Si Township People Strike Column
18. Chin Farmer Network (C.F.N)
19. Committee Representing Mandalay Region Hluttaw
20. Cooperative University Student Strike Column
21. Daung Sit Thi
22. Democratic Party for a New Society
23. Education Family (Anti - Fascists Education Strike Columns Coordination Committee)
24. Ethnic Youth General Strike Committee
25. Freedom and Labor Action Group
26. Future Light Center
27. Future Thanlwin
28. General Strike Committee of Nationalities (GSCN)
29. Generation Wave
30. Grass-root People
31. Human Rights Foundation of Monland
32. India for Myanmar
33. Inlihtan Peninsula Tanintharyi
34. Karen Environmental and Social Action Network
35. Karen Peace Support Network
36. Karenni Human Rights Group
37. Keng Tung Youth
38. LGBTIQ Strike of Mandalay
39. MAGGA Initiative
40. Maha Aung Myay Township People Collective Strike Column
41. Mandalar University Student Strike Column
42. Mandalay Alliance Strike Collective Column
43. Mandalay Based People Strike Column
44. Mandalay Civil Society Organizations
45. Mandalay Engineer Group
46. Mandalay Engineer United Force

47. Mandalay University Student Alumni Union
48. Mandalay Wholesale Strike Column
49. Mandalay Youth Strike Column
50. MATA စစ်ကိုင်းတိုင်း
51. Medical Family – Mandalay
52. MIIT Student Strike Column
53. Muslim Youth Union
54. Mya Taung Strike Column
55. Myanmar Cultural Research Society (MCRS)
56. Myanmar Railway, Region (3) CDM Strike Column
57. National League for Democracy (Mandalay Region)
58. Network for Human Rights Documentation Burma (ND-Burma)
59. No 7 State High School Alumni Strike Column
60. NRFF- New Rehmonnya Federated Force
61. Nyan Lynn Thit Analytica
62. Pan Pa Wash People Strike Column
63. Phayagye Peace Strike Column
64. Private Pre-school Teachers Association
65. Progressive Voice
66. Pyi Gyi Ta Gon Strike
67. Sangha Samaga Strike Column
68. Save and Care Organization for Ethnic Women at Border Areas
69. Sein Pan Strike Column
70. Shan MATA
71. Sisters 2 Sisters
72. Southern Dragon Myanmar
73. Southern Youth Development Organization
74. Strike Column of Representatives of Arbitrarily Arrested People
75. Strike Column of Teachers from Universities and Degree Colleges of Mandalay
76. Synergy - social harmony organization
77. Taekwando Sport Association
78. Tai Youth Alliance (Myanmar, Japan, Thailand, South Korea)
79. Tanintharyi MATA
80. Thapaynyo News Letter
81. အထက်အညာလွင်ပြင်ရပ်ဝန်း